
mgyoe.com




# နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက်

mgyoe.com

နိုင်းဝင်းမြင့်စီစဉ်သည်။

9 789997 117939

mgyoe.com



ISBN9789997117939
POEM60
9 789997 117939
2,500.00KS

mgyoe.com

နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက်၊ ပိုင်
မျက်နှာဖုံးပန်းချီ - ဘငွေကြည်
စာမျက်နှာ ၁၈၂+ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မဆိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# နောက်ထပ်
# ဒေါက်တာဇီဗားဂိုးတစ်ယောက်
# ပိုင်

ပထမအကြိမ်၊ ၂၀၁၃

mgyoe.com

mgyoe.com

ကဗျာစာသားများကို
ကဗျာရေးသူ၏ အာဘော်မထိခိုက်နိုင်သော
သတ်ပုံပြင်ဆင်ခြင်းမှလွဲ၍
အခြားသတ်ပုံများနှင့် အထားအသိုများအတွက်
ကဗျာဆရာ၏ ပိုင်ခွင့်အဖြစ်သတ်မှတ်လျက်
ပြုပြင်ထားခြင်းမရှိပါ။

mgyoe.com

mgyoe.com





ပိုင် (အေဒီ ၁၉၆၅ - )
PYE (AD 1965 - )

# နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက်နှင့်ပတ်သက်၍ ဒေါက်တာဇီဗားဂိုး

ဒါဟာ အသွေးအသားထဲမှာ ဘယ်ခါမှ ပျောက်ကွယ်မသွားမယ့် အရာတစ်ခုပဲ။ ရုရှားနိုင်ငံရေး နောက်ခံဝတ္ထုတစ်ပုဒ်ဖြစ်တဲ့ "ဒေါက်တာဇီဗားဂိုး" ကို မဖတ်ခဲ့ရရင် "နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက်" ကဗျာတွေလည်း ရှိလာမှာ မဟုတ်ပါဘူး။

ဘုန်းမြင့် (မန္တလေး) ရဲ့ "ဒေါက်တာဇီဗားဂိုး" (၂) တွဲကို ၂၀၀၂၊ ဩဂုတ်လက ထုတ်ဝေခဲ့တာဆိုတော့ ၂၀၁၇၊ ဩဂုတ်လမှာ ၁၅ နှစ်ပြည့်ခဲ့ပါပြီ။ ၂၀၀၃ ခုနှစ် တောင်ကုန်းစောင်းမှာဆောက်ထားတဲ့ အိမ်ကလေးတစ်လုံးမှာ မိသားစုနဲ့ နေထိုင်နေစဉ်တုန်းမှာ ဖတ်ခဲ့ရတာပါ။ ဒီနောက်မှာ မြိတ်ဆိုတဲ့ ပင်လယ်မြို့ကလေးကနေ နိုင်ငံရဲ့မြို့တော်ရန်ကုန်ကို ၂၀၀၄ မှာရောက်၊ ၂၀၀၈ မှာပြန်လာ။ "နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက်" (ပထမတွဲ) ကို နှလုံးအိမ်မဂ္ဂဇင်း (Heart Magazine) မှာ ကဗျာရှည်အဖြစ် ဖော်ပြခဲ့တယ်။

ရန်ကုန်မှာ နေထိုင်စဉ်ကာလ ၂၀၀၅ မှာ ရေးခဲ့တာပါ။ မဂ္ဂဇင်းမှာ မဖော်ပြခင် ကဗျာကို ကွန်ပျူတာစာစီ၊ စာအုပ်ကလေး ၁၀ အုပ်လောက်လုပ်ပြီး ၃၃ လမ်းက လေထုန်ကုန်းမှာ

mgyoe.com

mgyoe.com



ကဗျာဆရာ မိတ်ဆွေတွေကို ပေးခဲ့ဖူးပါတယ်။ "နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက်" (ဒုတိယတွဲ) ကတော့ ၂၀၁၆၊ အောက်တိုဘာကနေ ၂၀၁၇ ဇန်နဝါရီထိ သုံးလအတွင်း နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၁၈၉ ရေးခဲ့ပြီးမှ Facebook ပေါ်တင်ခဲ့တဲ့ ကဗျာတွဲပါ။ ဒါပေမဲ့ အကြောင်း တစ်ခုကြောင့် အပုဒ်လေးဆယ်ကျော်လောက်တင်အပြီးမှာ ရပ်နားခဲ့တယ်။

အဲဒီအချိန်မှာ တကယ်ရေးပြီးတာက ၁၆၇ ပုဒ်ပါ။ ၂၀၁၇ အစပိုင်း ဖေဖော်ဝါရီလလောက်မှာတော့ ကျွန်တော် ဟာ တစ်ယောက်တည်းဖြစ်နေပြီး နေရေးထိုင်ရေးလည်း ခက်ခဲ လာပါတယ်။ ဒါကြောင့် မလုပ်ချင်တဲ့အလုပ်ကို စွန့်စားပြီးလုပ်ခဲ့ တယ်။ "မြန်မာပုံပြင်စာအုပ်" BURMA STORY BOOK ထဲက ဓာတ်ပုံတွေကိုရိုက်တဲ့ "ဒါနာလီဇင်ဘတ်" လက်ဆောင် ပေးခဲ့တဲ့ မှတ်တမ်းစာအုပ်ထဲမှာ ဇီဗားဂိုး ဒုတိယတွဲ ကဗျာတွေ ကို လက်ရေးနဲ့ရေးပြီး လက်ရေးမူအဖြစ် Facebook ပေါ် လေလံတင်ရောင်းချခဲ့တာပါပဲ။

တခြားအလုပ်နဲ့လည်း ငွေမရှာတတ်လို့ပါ။ သူ့ရဲ့ရှေ့က "မွန်ဂို ၁၀၀" (လက်ရေးမူ) ကို ရောင်းချထားဖူးတဲ့အတွက် လည်း အမှန်ပြောရရင် မရောင်းချင်တာပါ။ ကိုယ့်စာအုပ်ကို လည်း သိမ်းထားချင်တယ်။ မွန်ဂို ၁၀၀ စာအုပ်တုန်းက ဟံလင်းက လိုင်းပေါ်မှာ လေလံကိစ္စတွေကို တာဝန်ခံလုပ်ပေး ပြီး ၆ သိန်း ၇ သောင်းနဲ့ ရောင်းချပေးခဲ့ပါတယ်။

ဒါပေမဲ့ ဇီဗားဂိုးမှာတော့ ကိုယ်တိုင်ပဲ ဒါတွေလုပ်ခဲ့ တယ်။ ၂ သိန်းနဲ့စပြီး ပထမဆုံး "စိုင်းဝင်းမြင့်" က ဝင်ဆွဲပေးခဲ့ တယ်။ ကြားမှာ အမျိုးသမီးတစ်ယောက် (အမည်မဖော်ချင် တော့ပါ) ပိုပေးပြီး ဝင်ဆွဲပါတယ်။ လေလံချိန် ၇ ရက်ပြည့်တဲ့ည ၁၂ နာရီထိ လေလံဆွဲထားတဲ့ အမျိုးသမီးကို ဆက်သွယ်မရတဲ့

mgyoe.com

mgyoe.com



အတွက် စိုင်းဝင်းမြင့်ကို အကျိုးအကြောင်း ပြောပြတော့ "မပူပါနဲ့၊ သူ မယူရင် ကျွန်တော်ယူမယ်" ဆိုပြီး ၂ သိန်း ၇ သောင်းနဲ့ ပြန်ယူပေးခဲ့တဲ့အတွက် အဆင်ပြေခဲ့ပါတယ်။ (တကယ်ဆို သူ မယူ၊ သူ လက်မခံရင်လည်း ကျွန်တော် အခက်တွေ့တော့မယ်) သူ့ရဲ့ ဒီငဲ့ညာထောက်ထားမှု၊ အလေးနက်ထားမှုတွေကို တစ်သက်လုံး အမှတ်ရနေမှာပါ။

ခုတော့ သူ့ (ဇီဖားဂိုးနဲ့ စိုင်းဝင်းမြင့်) ကြောင့် ၂၀၁၇ ဒီဇင်ဘာအထိ ကျွန်တော် နေထိုင်ရေးသက်သောင့်သက်သာ အဆင်ပြေခဲ့ရပါတယ်။ လက်ရေးမူနဲ့ စာအုပ်ထုတ်ဝေခွင့်ပါ ပေးအပ်ခဲ့ပါတယ်။ စာမူခ သီးသန့်မယူတော့ပါ။ ခုတော့ ဒီနှစ် (၂၀၁၇) အတွင်း ထွက်မယ်လို့သိရတဲ့အတွက် စာအုပ်အတွက် တစ်ခုခု ရေးခိုင်းထားတာလည်း ဇွန်လ ရန်ကုန်ရောက် ကတည်းကမို့ အခု ရေးခဲ့တာတွေကိုပဲ ရေးလိုက်မိတယ်။ ဒါဟာ အရိုးစစ်ဆေးမှု၊ မဒမ်ဇင်နီယာရဲ့ တစ်နေ့တာကပွဲပြီးရင် ကျော်မွှေးကထွက်မယ့် ကျွန်တော်ရဲ့ တတိယမြောက်စာအုပ် လည်း ဖြစ်ပါတယ်။

၂၀၀၈ တုန်းက "နောက်ထပ် ဒေါက်တာဇီဖားဂိုး တစ်ယောက်" (ပထမတွဲ/ကဗျာရှည်) ကို နရီမင်းရဲ့ အင်္ဂလိပ် ဘာသာပြန်နဲ့ လုံးချင်းအဖြစ်ထွက်ဖို့ အခြားတစ်ယောက်က စီစဉ်ဖူးပေမဲ့ မထွက်ဖြစ်ခဲ့ပါ။ ဒေါက်တာ ဇီဖားဂိုးဟာ နိုင်ငံရေး နောက်ခံဝတ္ထုဖြစ်ပေမဲ့ ကျွန်တော့်ကို ဆွဲဆောင်နိုင်တာက သူ့ရဲ့ နိုင်ငံရေးမဟုတ်ဘဲ ဘဝနဲ့ နောက်ခံနေရာဒေသ အခင်း အကျင်း ရှုခင်း အချိန်ကာလတွေပါ။ ကျွန်တော်တို့နိုင်ငံက သူတို့ဆီမှာလောက် "နှင်း" မများပေမဲ့ အေးစက်မှု၊ ခွဲခွာမှု၊ အထီးကျန်မှု၊ လွမ်းဆွတ်မှု၊ ဝမ်းနည်းကြေကွဲမှုတွေမှာတော့ သူ့ လိုပဲ ဖြစ်ခဲ့ရတယ်လို့ ကိုယ့်ကိုယ်ကိုယ် ယူဆပြီး ဒီကဗျာတွေကို ရေးဖြစ်ခဲ့တယ်ပဲ ထင်ပါတယ်။

mgyoe.com

mgyoe.com



ကဗျာ ၂ ပိုင်းလုံးဟာ အချိန်ကာလ ၁၂ နှစ်ကွာပေမဲ့ ကွဲကွာချိန်မှာ ရေးခဲ့တာတွေပါပဲ။ "နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက်" ဟာ "ဒေါက်တာဇီဗားဂိုး" မဟုတ်ဘဲ ဇီဗားဂိုးလို နောက်ထပ်လူတစ်ယောက်ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ "လာရာ" ကို ရည်ညွှန်းချက်တွေထဲမှာတော့ မူရင်း ဇီဗားဂိုးရဲ့ လာရာကို အမှတ်ရမှုတွေရော ကျွန်တော်ရဲ့ "လာရာ" ကို ချစ်ခင်လွမ်းဆွတ် အမှတ်ရမှုတွေရော ပါဝင်နေပါတယ်လို့။

ပိုင်
၁၇ ဩဂုတ်လ၊ ၂၀၁၇ ခုနှစ်၊
မြိတ်ပီတာစဘတ်မြို့။

❐

mgyoe.com

mgyoe.com

## နောက်ထပ် ဒေါက်တာဇီမားကိုးတစ်ယောက် ၁

ရထားသံလမ်းတွေက ရှည်လျားသလောက်
ဘဝတွေက မဆုံးနိုင်
ငါတို့ ရပ်နေတာ အစမှာလည်းမဟုတ်
အဆုံးလည်းမဟုတ်

၂၅၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com


## နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၂

နှင်းတွေရဲ့ အသံကို နားစွင့်ရင်း ငါတို့အိပ်မပျော်နိုင်
မှောင်မိုက်ကြီးစိုးမှုတွေ လွင့်ပြယ်သွားဖို့ ဘယ်လောက်ကြာဦးမလဲ
မနက်ဖြန်ဟာ အဆိုးလား အကောင်းလား
ငါ့ကို ပွေ့ဖက်ထားပါဦး အချစ်ရယ်

၂၅၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com



# နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၃

ဝက်အူချောင်းတစ်ဘူးနဲ့
ပျော့ရှင်တဲ့ ပါတီတစ်ခု တိုးတိုးတိတ်တိတ် ကျင်းပကြတာပေါ့
မီးခိုးမထွက်စေနဲ့ အသံမထွက်စေနဲ့
ရင်ဘတ်ချင်းကပ်ထားတဲ့အခါ နောက်ထပ် ဘယ်လိုထိတ်လန့်ဖွယ်တွေမှ
ငါတို့ကြားကို မတိုးဝင်နိုင်တော့ ငါတို့ဟာ ငါတို့ရဲ့
ဝင်သက် ထွက်သက်ကို တတ်နိုင်သလောက် ထိန်းသိမ်းထားရအောင်

၂၅၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com

# နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၄

ညတွေမှာ
အရာရာဟာ ဖြူဆွတ်နေတယ်
မယုံကြည်ရတဲ့ အဖြူတွေ .

၂၅၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com



# နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၅

ကိုယ်ထူထောင်ထားရတဲ့ဘဝဟာ သေနတ်ပြောင်းဝမှာဆိုရင်
ငါတို့ဟာ နောက်ထပ်တစ်နေရာကို သွားမှဖြစ်မယ်
ပိုပြီး ကောင်းလာမယ်ထင်ရတဲ့ တစ်နေရာပေါ့
ပိုပြီး ဆိုးမလာနိုင်ဘူးလို့ ထင်ရတဲ့ တစ်နေရာပေါ့
တစ်နေရာတည်းကို ဖက်တွယ်ထားရတာဟာ
သေခြင်းတရားနဲ့ နီးကပ်လှတယ် ပြီးတော့ ယုံကြည်မှုလည်း မဆန်ဘူး

၂၅၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com

# နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၆

ငါ ကဗျာအသစ်တွေ ရေးနေတယ်
ဒါဟာ ဒီခေတ်ကြီးထဲမှာ ငါလုပ်နိုင်တဲ့အလုပ်ပါပဲ
စစ်ပွဲတွေဟာ သူတို့ဘာသာ ဆက်လက်ဖြစ်ပျက်နေကြတယ်
ဒါကို ရပ်တန့်နိုင်လိမ့်မယ်လို့ ငါမထင်ဘူး
လူတွေ ထွက်ပြေးနေကြတယ် ဒါကိုလည်း ငါမတားဆီးနိုင်ပါဘူး
ငါ့ ကဗျာတွေဟာ ငါ့ညည်းတွားသံဖြစ်ခဲ့မယ်ဆိုရင်
အဲဒီအချိန်တွေကို ပြန်အမှတ်ရနေဖို့ပါပဲ

၂၅၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com



# နောက်ထပ် ဒေါက်တာဇီဗားကိုးတစ်ယောက် ၇

ရပ်နေကြတယ် လူတိုင်း အမှောင်ထဲရပ်နေကြတယ်
ဒါကြောင့် ကိုယ့်အရိပ်ကိုယ် မတွေ့ရဘူး
ဒါကြောင့် အိပ်မက်ထဲမှာလို ဖြစ်နေကြတယ်

၂၅၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com

## နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၈

ငယ်ငယ်ရွယ်ရွယ်နဲ့ မုတ်ဆိတ်မွေးထွက်လာတာ
သေနတ်ကိုင်ကြတာဟာ ယုံကြည်ချက်ကြောင့်လို့တော့ ပြောလို့ရတယ်
ဒါပေမဲ့ လူသေအလောင်းတွေကို
ပိုများစေတာကတော့ ယုံကြည်ချက်မဟုတ်ဘူး ထင်တယ်
ကိုယ်သေရမှာ ကြောက်ပြီး
တခြားသူကိုသတ်ပြတာရော ယုံကြည်ချက်ပဲလား

၂၅၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com



# နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၉

လူတွေဟာ တဖြည်းဖြည်း လျော့ပါး ပျောက်ဆုံးကုန်တယ်
တချို့က နေ့မှာမြင်ပြီး ညမှာ ပျောက်သွားတယ်
တချို့က ညမှာတွေ့ပြီး နေ့မှာပျောက်သွားတယ်
တစ်ယောက်ကိုတစ်ယောက် ဖြတ်သွားသလို ဖြစ်နေတော့
မျက်စိရှေ့မှာ ဘယ်အရာမှ ကြာကြာရှိမနေဘူး
လူတစ်ယောက်ကို တစ်ကြိမ် တွေ့ပြီးရင်
နောက်ထပ်တစ်ကြိမ် ပြန်တွေ့ဖို့ မသေချာတော့ဘူး

၂၅၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com


# နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၁၀

အတူတကွ ရှိခဲ့တဲ့အချိန်တွေဟာ လွမ်းဆွတ်စရာ ကောင်းလှတယ်
မျက်နှာချင်းဆိုင် ညစာစားခဲ့တဲ့အချိန်တွေ
ဖယောင်းတိုင်မီးရောင်မှာ ခဏတာ တောက်ပခဲ့တဲ့အကြည့်တွေ
ဘယ်ခါမှ ပြန်မရတော့ဘူးလား

၂၅၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com



## နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၁၁

ငါ့အတွက်တော့ နိုင်ငံတော်ဆိုတာ မင်းပါပဲ
မင်းအတွက်ပဲ ငါရှိနေရတာပါ
တခြားဆိုးဝါးတဲ့အရာတွေထဲမှာ နိုင်ငံတော်ဆိုတာ ရှာမတွေ့လို့
မင်းအတွက်ပဲ ငါရှိနေချင်တော့တယ်
ဒါက ဘယ်လောက်ကြာရှည်ဦးမလဲ မသိတော့
ငါတို့ နောက်တစ်ကြိမ် အတူရပ်ဖို့
ဘုရားကျောင်းက ခွင့်ပြုပါဦးမလား

၂၅၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com

# နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၁၂

လည်ရှည်ဖိနပ်ထဲမှာ ရေတွေဝင်နေတော့
လမ်းလျှောက်ရင် အသံမြည်တာပေါ့
တကယ်တော့ သူတို့ဟာ အစကရေခဲတွေပါ
နားခိုရာရှာရင်း အထဲမှာ အရည်ပျော်ကုန်ကြတာပါ
တကယ်လို့ နွေးထွေးမှုကိုသာရမယ်ဆိုရင်
ပေါက်ပြဲနေတဲ့ ခြေအိတ်ထဲကိုလည်း ဝင်ရှာရမှာပဲ

၂၅၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com



# နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၁၃

မီးလင်းဖို့မရှိတဲ့အတွက်
ငါတို့ဟာ အိပ်ရာဝင်တဲ့အခါ အဝတ်အစားကို မချွတ်နိုင်ခဲ့ဘူး
ငါတို့မှာ အဝတ်အစားကို ချွတ်ချိန်မရသလို
အဝတ်အစားကို ဝတ်ချိန်လည်း မရှိခဲ့ဘူး
အဝတ်အစားဟာ အရေပြားလိုပဲ တွယ်ကပ်နေတော့တယ်
မင်း တစ်ကိုယ်လုံးကို ပကတိမြင်ရဖို့ ထိတွေ့ဖို့ ငြိမ်ဆိတ်စွာ
ရှည်ကြာစွာရှိဖို့ ငြိမ်းချမ်းရေးကို အရင်ရှာမှရတော့မယ်

၂၅၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com

# နောက်ထပ် ဒေါက်တာမိုးမားကိုးတစ်ယောက် ၁၄

ရထားလာတော့ ရထားစောင့်သူက ပိုများနေတော့
ရထားဟာ အားလုံးကို တင်ဆောင်မသွားနိုင်ဘူး
နောက်ထပ် ရထားတစ်စင်း တစ်နေရာမှာ ဘီးမချော်နေစေဖို့
ဆုတောင်းပါဦးမှာပေါ့ ရထားတွေဟာ လူတွေလိုပဲ
ညမအိပ်ဘဲ သွားနေကြဆဲ နားလို့မရတဲ့ ခေတ်ကြီးထဲ

၂၅၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com



## နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၁၅

ဂစ်တာသံဟာ လူအများကြီး စုပုံထားတဲ့ကြားက
ထွက်လာတယ် တစ်ယောက်ယောက်ဟာ အိမ်လွမ်းနေတာ
ဖြစ်ရမယ် နားထောင်ကြည့်တော့လည်း ကိုယ့်ခံစားချက်ပါပဲ
ပြောပြစရာတွေအများကြီးရှိပြီး မပြောပြတတ်တာဟာ
ခံစားမှုကို ပိုနက်ရှိုင်းလာစေတယ် ဂံကောင်းရင်
သီချင်းတစ်ပုဒ်ဖြစ်လာနိုင်တယ်

၂၅၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com

# နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၁၆

ကောင်းကင်က မီးခိုးရောင်ကုတ်အင်္ကျီရှည်ကြီးဝတ်ထားတဲ့
လူတစ်ယောက်လိုပဲ တလွင့်လွင့်နဲ့ ဘာမှတော့မပြောဘူး
အကျည်းတန်တဲ့ အနက်ရောင် မြေဆွေးမြေသားတွေကို
ဖုံးကွယ်ထားတဲ့ တွေးတောနေတဲ့ ပညာရှိတစ်ယောက်ရဲ့ ဆံပင်လို
ဖြူဆွတ်ဆွတ် ဆီးနှင်းပြင်ကို အပြစ်တင်သလို
ငုံ့ကြည့်လို့ အခန်းထောင့်ထဲကနေ ဒါကိုမြင်နေရတယ်

၂၆၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com



## နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၁၇

ပင်လယ်ဟာ သူ့ရဲ့အလင်းကိုရုပ်သိမ်းပြီး ပြင်ဆင်နေပြီ
မလှမ်းမကမ်းမှာ ဒါနာရဲ့ ရွှေရောင်ဆံပင်တွေကို မြင်နေရတုန်း
ဆိုင်မှာထားခဲ့တဲ့ ဘီယာပုလင်းဝက်ကို သူမ ပြန်ယူဦးမလားမသိ
တိတ်ဆိတ်စပြုလာတဲ့ ရွံ့စေးလွင်ပြင်ကြီး တစ်ခုက သူမဆီ
ချဉ်းကပ်လာခဲ့စဉ်မှာပဲ ရုတ်တရက် ဒါကို ကျောခိုင်းပြီး
ရယ်မောပစ်လိုက်ရဲ့ ပျော်ရွှင်ပါစေ ဒါနာ
ငါတို့ဟာ အလင်းထဲမှာ အတူလာခဲ့ကြပေမဲ့
အမှောင်ထဲမှာတော့ တကွဲတပြားစီ ဖြစ်ရမယ့်အရာတွေပါ

၂၆၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com

# နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၁၈

ပစ္စည်းတွေ ထုပ်ပိုးသိမ်းဆည်းပြီး သူတို့ထွက်သွားကြတော့
မိုးတောင်မလင်းသေး ငါ့တစ်ယောက်တည်း ကျန်ရစ် ရပ်ကြည့်နေမိ
သူတို့ မြင်ကွင်းထဲက ပျောက်ကွယ်သွားတဲ့အထိ
သူတို့ဟာ ငါ့ဘဝထဲက အပြီးတိုင် ပျောက်ကွယ်သွားတာ
ဟုတ်မယ်မထင်ဘူး ငါလည်း မကြာခင် ထွက်သွားရမှာပါ
သူတို့ ပြန်လာခဲ့ရင်တောင် ငါ့ကို တွေ့ရတော့မှာမဟုတ်

၂၆၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com



## နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၁၉

ဒီည ကဗျာကို စိတ်အေး လက်အေး ရေးနိုင်တော့မှာ မဟုတ်
တောင်ကုန်းနောက်မှာ ဝံပုလွေတွေ ပိုများလာပြီ
ငါ့သိမ်းဆည်းထားတဲ့ စားစရာတွေကို စားပစ်ပြီးရင်
သူတို့ဟာ ငါ့ကိုဆက်စားမှာလား သေနတ်တစ်လက်နဲ့
မပြီးဆုံးနိုင်တဲ့ ညတွေကို ထိုင်စောင့်နေရတာမုန်းတယ်

၂၆၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com


## နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၂၀

သူမရဲ့ ကုတ်အင်္ကျီပြာက တော်တော်ဟောင်းနေပြီ
အတွင်းခံ အသားစတွေတောင် စုတ်ပြဲလို့
ဒါကို ငါသိခဲ့သလို သူမလည်း သိနေခဲ့ပါတယ်
သူမဟာ သူမရဲ့အလှအပတွေကိုလည်း စွန့်ပစ်လိုက်တာကြာပြီ
ဒါပေမဲ့ မရှိဘူးလို့တော့ ဘယ်ဟုတ်ပါ့မလဲ
ဒါကို ငါသိခဲ့သလို သူမလည်း သိနေခဲ့ပါတယ်

၂၆၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com



## နောက်ထပ် ဒေါက်တာဇီမားကိုးတစ်ယောက် ၂၁

ကော်ဖီမည်းညစ်ညစ်ထဲ သကြားတစ်ဇွန်းထည့်နိုင်ဖို့ဆိုတာ
မလွယ်ကူတဲ့အကြောင်းဖြစ်သွားပြီ သကြားမပါတဲ့ ကော်ဖီနဲ့
ပေါင်မုန့်မပါတဲ့ မနက်စာနဲ့ ငါတို့အသားကျနေခဲ့တာလည်း ကြာပြီ
ဆာလောင်မှုဟာ လူတိုင်း အလကားရနိုင်အောင် ပေါ်များလွန်းရဲ့

၂၆၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com


# နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၂၂

နောက်ထပ်ဂျင်းဘောင်းဘီအသစ်တွေ
မချုပ်နိုင်တော့ဘူးထင်တယ် ဘာလို့လဲဆိုတော့
ကိုယ့်ခါးပေါ်က ဂျင်းဘောင်းဘီဟောင်းကိုတောင် လာဝယ်နေလို့
ဒါကိုရောင်းပြီး အသားနည်းနည်းဝယ်စားနိုင်ရင် ကောင်းမှာပဲ
ဒါပေမဲ့ လူတစ်ယောက်ဖြစ်ဖို့က အနည်းဆုံး
ဂျင်းဘောင်းဘီ တစ်ထည်တော့ လိုအပ်တာပဲ မဟုတ်လား
ကလိမ်ကကျစ်ကောင်တွေ သွားစမ်းပါကွာ
ငါက ကိုယ့်ဂျင်းဘောင်းဘီကိုယ် ချွတ်ရောင်းရလောက်အောင်
လူကြီးလူကောင်းမဆန်တဲ့သူ တစ်ယောက်တော့မဟုတ်

၂၆၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com



## နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၂၃

မင်းဟာ လဲလျောင်းနေတဲ့ အပြာရောင်တစ်ခုပါပဲ
အဝေးကြီးကို ပြန်ထွက်သွားဖို့ ခဏတာ နားနေတယ်ဆိုတာ ငါသိပါရဲ့
ငါ့မတားဆီးနိုင်တဲ့ အပြာဟာလည်း မင်းပဲပေါ့
ကောင်းကင်ပြာကြီးဟာ ကျယ်ပြောလွန်းလို့ ငါကြောက်မိတယ်
သူ့ရဲ့အပြာက မင်းရဲ့အပြာကို ပျောက်ဆုံးသွားအောင်
လုပ်ပစ်လိုက်မှာလား နေ့လယ်ဘက်မှာ ငါ့အကြည့်တွေဟာ
ကောင်းကင်အပြာထဲမှာ ရှိလိမ့်မယ် မင်းရဲ့အပြာကို ရှာဖွေရင်း

၂၆၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com


# နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၂၄

မြေကြီးကလည်း အမည်း
မီးသွေးကလည်း အမည်း
ကော်ဖီကလည်း အမည်း
လမ်းမှာ ပစ်ထားတဲ့လူသေတွေကလည်း အမည်း
ဒီခေတ်ကြီးထဲ ဖြူတာဆိုလို့
ဆီးနှင်းတွေပဲ ကျန်တော့တယ်

၂၆၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com



## နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၂၅

လူ့အဖွဲ့အစည်းထဲမှာ မရှိသင့်သူတွေ
လူ့အဖွဲ့အစည်းထဲ ရောက်နေတဲ့အခါ
လူ့အဖွဲ့အစည်းထဲမှာ ရှိသင့်သူတွေ
လူ့အဖွဲ့အစည်းအပြင်ဘက်ရောက်တာ ဓမ္မတာပါပဲ
သူတို့ဟာ လူအများကို စကားပြောနိုင်တဲ့နေရာကို ရောက်လာပြီး
အနုပညာဖန်တီးတဲ့ အလုပ်ကိုပါ ဝင်စွက်ဖက်လာရင်
လူ့အဖွဲ့အစည်းကို နိမ့်ကျပျက်စီးစေဖို့သာ ဖြစ်လာစေတတ်တယ်။
လူ့အဖွဲ့အစည်းကို ကယ်တင်မယ့်သူတွေကို လူတွေကလည်း
မှန်မှန်ကန်ကန် ရွေးချယ်ရမှာပါပဲ
ဥပမာ ဘုရားသခင်နဲ့ ပင်လယ်ဓားပြ ဘယ်သူက ဦးဆောင်မလဲဆိုတာ

၂၆၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com


# နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၂၆

ညနေတစ်ခုမှာ ချွန်ထားရစ်ခဲ့တဲ့ ချားရဟတ်ကြီးရှိတဲ့
မြို့ကြီးတစ်မြို့ကို မှတ်မိတယ်
ဒါပေမဲ့ ချားရဟတ်ကြီးက မလည်တာကြာပြီ
ဒီဆောင်းရာသီမှာ လူသူကင်းမဲ့ ဆိတ်သုဉ်းမြို့တွေကို
ဘယ်လောက်ပဲ နောက်မှာ ချွန်ထားရစ် ချွန်ထားရစ်
ရှေ့မှာ လူသူကင်းမဲ့ဆိတ်သုဉ်းနေတဲ့ မြို့တစ်မြို့ကတော့ အသင့်စောင့်နေဆဲ
ဒီတော့ ကိုယ့်ကို လက်ပြနှုတ်ဆက်သူလည်း မတွေ့ဘူးပေါ့

၂၆၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com



## နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၂၇

မှောင်လာလို့ အေးစက်လာရင်
ငါ့အနွေးထည်က ငါ့ကို မနွေးစေနိုင်ရင် ဘယ်လိုလုပ်မလဲ
စဉ်းစားနေမိတယ် ငါ့ကိုယ်ထဲက အဖျားတွေဟာ နွေးထွေးစေနိုင်မယ့်
အရာအားလုံးကို တောင်းဆိုနေတယ် မကြာခင် နေလုံးကြီးလည်း ငါ့ကို
တစ်ယောက်တည်း ထားပစ်ခဲ့တော့မယ် ထင်တယ်
အမှောင်နဲ့ အေးခဲမှုကို ရင်ဆိုင်ဖို့ ငါ့အနွေးထည်ကို လှမ်းယူလိုက်တယ်
ငါ့အနွေးထည်က ငါ့ကို မနွေးစေနိုင်ရင်
ဘယ်လိုလုပ်မလဲ စဉ်းစားနေမိတယ်
မင်းလည်း ငါ့ရဲ့ အခြားတစ်နေရာမှာ ရောက်နေပြီး
ဒီအကြောင်းကို တွေးနေရင်တော့

၂၆၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com


# နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၂၈

တစ်ယောက်တည်း တံခါးကို ပိတ်ပြီး အပြင်ကိုထွက်သွားတယ်
တစ်ယောက်တည်း အပြင်က ပြန်လာပြီး တံခါးဖွင့်ဝင်တယ်
တစ်ယောက်တည်း နေ့တွေ မဆုံးနိုင်တော့ဘူးလား
တစ်ယောက်တည်းဘဝမှာ အိပ်မက်တွေ များလွန်းတယ်
တစ်ယောက်တည်း အချိန်တွေဟာ မျှော်ကိုးမှု အထီးကျန်မှုတို့သာ
ဖြစ်ထွန်းလာပြီး တစ်ယောက်တည်း လွမ်းဆွတ်မှုဟာ
လေတိုက်လို့ လှုပ်ခါသွားတဲ့ သစ်ကိုင်းခြောက်ပေါ်က
ဆီးနှင်းဖြူခဲတွေလို ကြွေကျလွင့်ပါးသွားပါတော့လေ

၂၆၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com



## နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၂၉

ညစာစားချိန်မှာ ဝံပုလွေသွားချွန်လို အေးခဲမှုက
ငါ့မျက်နှာက အကြောတွေကို ထုံကျဉ်စေပြီး ငါ့လက်ဟာ တုန်ခါနေတယ်
ငါဟာ မှုန်ဝါးနေတဲ့ မီးပွင့်လေးတစ်ပွင့်လို အားနည်းလှတယ်
ညသန်းခေါင်နီးတော့ အိပ်ရာထဲမှာ မင်းကိုလိုက်ရှာတယ်
မင်းဟာ တစ်နေရာကို ထွက်သွားတာလို့ ထင်နေတယ်
ဒီလိုနဲ့ ပြန်မတွေ့တော့တဲ့သူတွေ တစ်နေ့တခြားများလာတယ်
မင်းစိုက်ခဲ့တဲ့ပန်းပင်လေး ပွင့်မပွင့် ငါသွားကြည့်ရဦးမယ်

၂၆၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com

# နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၃၀

ဘုရားသခင်ကို ပြောဆိုတိုင်တည်နေတဲ့ မင်းကိုမြင်ရတာ
ငါကြေကွဲမိတယ် ဘုရားသခင်က
မင်းရဲ့ စိတ်ကောက်နေတဲ့ ချစ်သူမဟုတ်ဘူး
ဘုရားသခင်ဟာ လူအားလုံးကို ချစ်နိုင်ပေမဲ့
လူအားလုံးကိုတော့ မမှတ်မိဘူး ငါတို့ဟာ
သူ့ဆီက အကူအညီရဖို့ တန်းစီစောင့်မနေသင့်ဘူး
လာခဲ့ပါ ငါ့ဆီကို
အပြင်မှာ မင်းရပ်နေလို့ မရအောင် လေတွေတိုက်လွန်းတယ်
မင်းလည်တိုင်မှာ နွေးထွေးအောင် စည်းနှောင်ပေးဖို့
ဖြူရော်ရော်သစ်ပင်တွေနောက်မှာ အပြာရောင်အစလေးတွေ ရှိသေးရဲ့

၂၆၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com



## နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၃၁

ဘယ်သူမှ မရှိတဲ့အိမ်လွတ်တွေဟာ များပြားလွန်းတော့
ငါတို့ဟာ အဲဒီအိမ်တွေမှာ ခဏတာနေထိုင်ခဲ့ကြောင်း
မှတ်တမ်းရေးထားခဲ့ရုံကလွဲပြီး ဘာမှမတတ်နိုင်ခဲ့ဘူး
ငါတို့မှာ အတည်တကျလိပ်စာကလည်းမရှိတော့ ခုဖြစ်ပျက်နေတဲ့
အရာအားလုံး ပြီးဆုံးသွားချိန်မှာ ပြန်တွေ့နိုင်ဖို့လည်း မလွယ်တော့ဘူး။
တိတ်ဆိတ်နေတဲ့ အိမ်လေးတွေကို ထားခဲ့ရတာ မကြာခဏပါပဲ
ဘဝဟာ ရှေ့ကိုဆက်နေသလား နောက်ကို ပြန်ဆုတ်နေသလား
ဆိုတာလည်း ကွဲကွဲပြားပြား တစ်ခါမှမရှိခဲ့

၂၆၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com

# နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၃၂

မနီးမဝေး မှုန်ရီဆည်းဆာနီထဲ မင်းရပ်နေတာကိုမြင်ရတာ
ပျောက်သွားတော့မယ့် သက်တံခုံးကြီးက ဘယ်ဆီသွားရမှန်း မသိ
လူတွေကို နှုတ်ဆက်နေတာ ဘာပဲဖြစ်ဖြစ်
အတူတူ မကွဲမကွာ အတူတူသွားလာနေတဲ့အချိန်တွေ ရှိခဲ့တာ
တစ်ယောက်ကိုတစ်ယောက် အမှောင်ထဲရှာဖွေခဲ့တာ
တစ်ယောက်တည်း သေဆုံးနေချိန်မှာ
မင်းအကြောင်းကဗျာတွေက ရှင်သန်နေတာ
ဒါတွေဟာ အိပ်မက်တွေဖြစ်လာဖို့တော့ မျှော်လင့်တယ်
ဒါပေမဲ့ အိပ်မပျော်နိုင်တဲ့ ညတွေမှာ အိပ်မက်တွေက ဘယ်လိုလုပ်ရှိမှာလဲ

၂၆၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com



## နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၃၃

ခရီးသွားတစ်ယောက်ယောက်မှာ ဂစ်တာပါလာရင်
သူ့အနားကို လူတွေ ဝိုင်းအုံလာတတ်တယ်
သီချင်းဆိုချင်လို့
ပြောပြစရာနည်းလမ်းက ဒါပဲရှိတယ်မဟုတ်လား

၂၆၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com


# နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၃၄

တစ်စုံတစ်ယောက်နဲ့ ထိတ်လန့်တကြား အော်ဟစ်သံကြားရင်
ဘယ်ခါမှ အပြင်ကို ထွက်မကြည့်ပါနဲ့ လ က ငြိမ်းချမ်းပေမဲ့
ညထဲမှာ သွားလာလှုပ်ရှားနေတာ ဝံပုလွေတွေချည်းမဟုတ်ဘူး
သူ့ကြမ္မာသူ ရင်ဆိုင်နေတယ်လို့ သဘောထားပါ
ငါတို့လည်း ငါတို့ကြမ္မာကို ရင်ဆိုင်ဖို့ အသင့်ပြင်ထားရမယ်
နှစ်တွေကို ကုတ်ခြစ်နေတဲ့ ထိတ်လန့်တကြား အော်ဟစ်သံတွေဟာ
မှီတွယ်ရာ တစ်ခုခုရှာရင်း အလင်းရောင်လာရင်တော့
ပျောက်ကွယ်သွားလိမ့်မယ်

mgyoe.com

mgyoe.com



## နောက်ထပ် ဒေါက်တာဇီမားကိုးတစ်ယောက် ၃၅

အနက်ရောင်ဆံပင်ပဲဖြစ်ဖြစ် ရွှေရောင်ဆံပင်ပဲဖြစ်ဖြစ်
ခေါင်းစွပ်အောက်မှာ နေလာတာကြာရင် မွန်းကျပ်နေမှာပါပဲ
ဒါကြောင့် တချို့မိန်းကလေးငယ်တွေဟာ ညအခါ
ခေါင်းစွပ်မပါဘဲ အပြင်ကိုထွက်သွားတတ်ကြတယ်
သူတို့ရဲ့ဆံပင်ကို ဆော့ကစားမယ့် တစ်ယောက်ယောက်ကို ရှာဖို့ပေါ့

၂၆၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com

# နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၃၆

ဘုရားကျောင်းမှာ
လက်ထပ်ပွဲတွေကို မမြင်ရတာကြာပြီ
ဘုရားသခင်လည်း မရှိတော့ပုံပဲ
တစ်ယောက်ယောက်ကို ရပ်စောင့်နေပုံမျိုးနဲ့
လူတချို့တော့ ရပ်နေတတ်တယ်
မင်းမရှိတဲ့နေ့တွေမှာ
ငါလည်း တစ်ခါတစ်ခါ ရပ်စောင့်နေသူတစ်ယောက်ပါပဲ
မင်းရော အဲဒီရပ်စောင့်နေတဲ့ တစ်ယောက်ယောက်
ဘယ်ခါမှ မဖြစ်နိုင်တော့ဘူးလား

၂၆၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com



## နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၃၇

ဟန်ဆောင်ဖုံးကွယ်ထားတဲ့ မင်းရင်ဘတ်အောက်က နှလုံးသားကို တွေ့ရှိတာဟာ နှင်းဖုံးနေတဲ့ မြေကြီးအောက်က အာလူးလေးတစ်လုံးကို တူးဖော်ရရှိသလိုပဲ ဝမ်းသာရတယ် အာလူးတွေ အများကြီး တူးဖော်ရဦးမယ့်နေ့တွေ ဆုပ်ကိုင်ပြီး မင်းနှလုံးသားပေါ်မှာ ရပ်ခွင့်ပေးပါ တစ်နေ့တစ်နေ့ နှင်းဖုံးနေတဲ့ မြေကြီးထဲ အာလူးတွေ လိုက်တူးဆွသလို မင်းနှလုံးသားထဲက ချိုမြိန်စကားလုံးတွေကိုလည်း ငါ့မှာ လိုချင်မိသေးတယ်လေ

၂၈၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com


# နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၃၈

လေ သေနတ်တစ်လက်နဲ့
တောင်နံးတစ်ကောင်ရဲ့ လွတ်လွတ်လပ်လပ် ပျံသန်းခွင့်ကို
ချိုးဖောက်လိုက်မိပါတယ်
သူ မြေကြီးပေါ်ကို ညင်ညင်သာသာ
ကျလာအောင်တော့
ဘုရားသခင်က ဂရုစိုက်မှာပါ
ငန်းရိုင်းတွေ မပျံတော့တဲ့ ကောင်းကင်ဟာ မလှပတော့တာ အမှန်ပဲ

၂၈၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com



## နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၃၉

နေ့အခါ ကောင်းကင်ထဲကနေ ငါ့လက်နဲ့ မင်းကို ထိတွေ့ခဲ့တယ်
ညအခါ အိပ်မက်ထဲကနေ မင်းကိုငါ စကားတွေ လှမ်းပြောခဲ့တယ်
မင်းသွားနေတာဟာ ငါ့ဆီကိုနီးလာဖို့ပဲဖြစ်ဖြစ် ငါ့ဆီက ဝေးသွားဖို့ပဲဖြစ်ဖြစ်
မင်းအတွက် ငါဟာ တစ်နေရာမှာ ရှိနေဦးမှာပါပဲ
ငါ့နှလုံးသားပေါ်မှာ လူတွေ အများကြီးနင်းလျှောက်သွားလို့
နာကျင်ရပေမဲ့ ဒီနာကျင်မှုကိုပဲ လှပအောင် ထုပ်ပိုးပြီး
ငါအသက်ရှင်နေပါ့မယ်
ဒါဟာ မင်းအတွက် ငါ လုပ်ပေးနိုင်တဲ့
တစ်ခုတည်းသော အလုပ်ပါပဲ

၂၈၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com


# နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၄၀

မင်းအိပ်ပျော်နေတုန်းမှာ နံဘေးကငါ အကြာကြီး စိုက်ကြည့်နေမိတယ်
ငါအိပ်ပျော်နေတုန်းမှာလည်း မင်းဒီလို ထိုင်ကြည့်နေခဲ့တာ ငါသိတယ်
ငါတို့မှာ စကားလုံးတွေဟာ အစာရေစာလိုပဲ
တစ်နေ့တခြား နည်းပါးလာတယ်
ပျော်ရွှင်မှုဟာ ဘယ်တုန်းက စွန့်ခွာသွားမှန်းတောင် မသိဘူး
လေတိုက်သံကလွဲပြီး ဘာမှ မရှိတဲ့နေရာမှာ နေ့တွေညတွေဟာ
လူတစ်ယောက်ကို ရှုံးသွပ်စေရုံထက် ဘာမှမပိုဘူး
ငါတို့အချစ်တွေကိုတော့ ငါတို့ ခုထိ စွန့်ခွာမသွားကြသေးဘူး

၂၈၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com



# နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၄၁

ငါ့မျက်လုံးက မြင်နေရတဲ့ သစ်ရွက်တွေလည်း အဝါ
သစ်ပင်တွေလည်းအဝါ မြက်ခင်းတွေလည်း အဝါ ရေကန်တွေလည်းအဝါ
အိမ်ထဲမှာလည်း မြင်မြင်သမျှ အဝါတွေချည်း။ ငါ့တစ်ကိုယ်လုံးဟာ
မီးလောင်နေသလိုပဲ ငါဟာ ထုန့်ထည်နဲ့ အတွင်းပိုင်းမှာ နာကျင်လို့
ငါ့ပါးစပ်က ညည်းညူသံတွေ ဘာကြောင့် ထွက်နေရတာလဲ
ထိတ်လန့် ကြောက်ရွံ့နေတဲ့ ငါ့ကို ဘယ်သူမှ မပွေ့ဖက်တော့ဘူးလား

၂၈၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com


## နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၄၂

မြင်းစီးသေနတ်သမားတစ်ယောက်ဟာ
လိုက်ဖမ်းနေတဲ့ သူတစ်ယောက်လည်း ဖြစ်နိုင်တယ်
မြင်းစီးသေနတ်သမားတစ်ယောက်ဟာ
ထွက်ပြေးနေတဲ့ လူတစ်ယောက်လည်းဖြစ်နိုင်တယ်
အကောင်းဆုံးကမြင်းစီး သေနတ်သမား တစ်ယောက်ကိုတွေ့ရင်
ပုန်းနေတာပါပဲ။

၂၈၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com



## နောက်ထပ် ဒေါက်တာဇီမားဂိုးတစ်ယောက် ရှာ

ညအခါမှာ အိပ်မပျော်နိုင်ရင် အိပ်မက်တွေနဲ့ လွဲရတာပါပဲ
ခေတ်တစ်ခုထဲမှာ အိပ်မပျော်နိုင်ရင် ဘေးအန္တရာယ်တစ်ခုခုနဲ့
ကြုံတွေ့ရတာပါပဲ ဒါကြောင့် လူတိုင်း အိပ်ပျော်နိုင်အောင်
ကြိုးစားသင့်တယ် ဘေးအန္တရာယ်တစ်ခုခုနဲ့ လွဲဖို့
လွှမ်းမိုးချုပ်ကိုင်မှု ကင်းမဲ့တဲ့ အိပ်မက်တွေနဲ့ ဆုံတွေ့နိုင်ဖို့

၂၈၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com


# နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၄၄

တစ်ယောက်တည်းနေရတာဟာ အထီးကျန်ပေမဲ့
တွေးတောစရာ အချိန်တွေကို ပိုရရှိလို့ လွတ်လပ်ခြင်း တစ်မျိုးပါပဲ
မင်း ငါ့ဆီက ထွက်သွားတာဟာ မင်းအကြောင်းကို
ငါ့အနေနဲ့ ပိုတွေးတောဖို့သာ ဖြစ်လာစေတယ် ဒါကို သတိရတာလို့
ခေါ်ဆိုနိုင်ပါတယ်။ ဒီထက်ပိုတဲ့ အရာလည်းဖြစ်ပါတယ်
မင်းကိုယ်တိုင်မသိဘဲ မင်းငါ့ကို ပေးထားခဲ့တဲ့ လက်ဆောင်ဖြစ်ရဲ့

၂၈၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com



## နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၄၂

စပျစ်ပင်တွေကို စိုက်မယ်လို့ စိတ်ကူးရှိခဲ့ပါတယ်
စပျစ်နွယ်တွေအောက်မှာ နေ့လယ်ခင်း
တစ်ရေးတမောအိပ်ဖို့လည်း ဆန္ဒရှိခဲ့ပါတယ်
စပျစ်ဝိုင်တွေကို မြေကြီးထဲမှာ မြှုပ်ထားဖို့တောင် ဆုံးဖြတ်ဖူးပါရဲ့
ဒါပေမဲ့ စပျစ်ပင်လို ယိမ်းနွဲ့ရပ်နေတဲ့ မင်းဟာ
စပျစ်နွယ်လို သေးကွေးသွယ်လျတဲ့ လက်ချောင်းလေးတွေနဲ့
ငါ့ကို ပွေ့ဖက်မထားမှတော့ စပျစ်ဝိုင်တွေမြှုပ်ထားတဲ့
မင်းနှုတ်ခမ်းက ငါ့နှုတ်ခမ်းကို မထိတွေ့မှတော့
ငါ့မှာ စပျစ်ပင်တွေမရှိတဲ့ အဖြစ်ပဲရောက်ရတယ်။

၂၈၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com

# နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၄၆

ဟာရီကီနိုကို မသွားနဲ့ ဟာရီကီနိုမှာ ဘယ်သူမှ မရှိတော့ဘူးတဲ့
ဟာရီကီနိုမှာ နှင်းဖုံးအိမ်လေးထဲ ဝင်သွားတော့ အရာအားလုံး
နှင်းတွေဖုံးလွှမ်းတိတ်ဆိတ် ခြောက်ကပ်လို့ ဟာရီကီနိုက
နှင်းဖုံးအိမ်လေးထဲမှာ သူတို့ စောင့်နေခဲ့ပါတယ်
ပြီးတော့ သူတို့ ထွက်သွားခဲ့ပုံပဲ ဟာရီကီနိုဟာ
နှလုံးသားကိုကြေကွဲစေတဲ့ အရာတစ်ခုပါပဲ

၂၈၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com



## နောက်ထပ် ဒေါက်တာဇီဗားဂိုးတစ်ယောက် ၄၇

အခမ်းအနားတွေ ကပွဲတွေကို အိပ်မက်မက်မနေနဲ့တော့
အခမ်းအနားတွေ ကပွဲတွေဟာ အိပ်မက်ထဲမှာပဲ ကျန်ခဲ့ပြီ။
အခမ်းအနားတွေ ကပွဲတွေကနေ လူတွေ ထွက်ခွာသွားကြတယ်။
တစ်ယောက်အမည်ကို တစ်ယောက် မေ့မသွားခင်တော့
ဝမ်းနည်း ကြေကွဲနေကြဦးမှာပေါ့ ပြန်လည်စတင်ခြင်းကို
ဘာနဲ့များ လုပ်သင့်သလဲ ကိုယ်ပိုင်ဘဝတစ်ခုနဲ့လား ဒါမှမဟုတ်
ညီတူညီမျှ ဆင်းရဲဒုက္ခခံခြင်းနဲ့လား ပျောက်ဆုံးစာရင်းနဲ့လား

၂၈၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com


## နောက်ထပ် ဒေါက်တာဇော်မားကိုးတစ်ယောက် ၄၈

မင်းဟာ သိုးကလေးလိုပဲ ဖြူစင်ပါတယ်
သိုးမွေးကို လိုချင်သူ သိုးသားကို ဆာလောင်သူတွေ
တဖြည်းဖြည်းများလာတော့
မင်းကို သိုးကလေး မဖြစ်စေချင်တော့ဘူး
သိုးကျောင်းသားရဲ့ တေးဟာ
သိုးတစ်ကောင်ရဲ့သွေးကို
ခွက်နဲ့ထည့်ပေးနေတယ်

၂၈၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com



## နောက်ထပ် ဒေါက်တာဇီမားကိုးတစ်ယောက် ၄၉

ရပ်နေရင်တော့ ကိုယ်တစ်ယောက်တည်းလို့ မြင်လိမ့်မယ်
သွားနေရင်တော့ အများလို့ မြင်လိမ့်မယ်
ဥပဒေဆိုတာ လူအများကြီးကို ဖမ်းဆီးဖို့ထက်
လူတစ်ယောက်ကို ဖမ်းဆီးဖို့က ပိုလွယ်ကူရှင်းလင်းတယ်
ဥပဒေရဲ့ မြင်ကွင်းထဲမှာ တစ်ယောက်တည်းနေတာဟာ လုံခြုံမှုမရှိဘူး

၂၉၊ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com